ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

အုပ်ချုပ်ရေးသတင်းစဉ်

January 9 . 2023

(၉ / ၂၀၂၃)

စာ-၂

ပြည်သူမှ ပြည်သူသို့ ကူညီမှုဖြင့် ကျောင်းသူ/သားများအတွက် ကျောင်းသုံးပစ္စည်းများဖြန့်ဝေ

စာ-၄

မိဘပြည်သူများအနေဖြင့် စစ်ကောင်စီ၏ အကြမ်းဖက် ကျူးလွန်မှုများကို People's Reporter ၏ Page Messenger မှတဆင့် သတင်းပေးပို့ တိုင်ကြားနိုင်ပါတယ်။

https://www.facebook.com/peoplesreportermyanmar/

(၈.၁.၂၀၂၂)ရက်နေ့ ညနေ (၆) နာရီမှ(၉.၁.၂၀၂၃)ရက်နေ့ ညနေ (၆) နာရီအထိ ရရှိသည့် သတင်းများဖြစ်ပါသည်။

မဟာဗျူဟာမြောက် ပစ်မှတ်ထောက်လှမ်းရေး သင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ယနေ့ဇန်နဝါရီလ ၉ ရက် ၂၀၂၃ ခုနှစ် တနင်္လာနေ့ နေ့လယ်ပိုင်းတွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၊ အထူးစုံစမ်းထောက်လှမ်းရေးဦးစီးဌာနက ဖွင့်လှစ်သင်ကြား ပေးပို့သော မဟာဗျူဟာမြောက် ပစ်မှတ်ထောက်လှမ်းရေးသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ သင်တန်းဆင်းပွဲကို ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလွင်ကိုလတ်နှင့် အတွင်းဝန်၊ ဗဟိုထောက်လှမ်းရေးအဖွဲ့ဝင်များ၊ သင်တန်းဆရာများနှင့် တိုင်းနှင့်ပြည်နယ် အသီးသီးရှိ ထောက်လှမ်းရေးအဖွဲ့ဝင်သင်တန်းသားများ စုံစုံလင်လင်တက်ရောက်ခဲ့ကြပါသည်။ ပြည်ထောင်စုဝန်ကြီးက မဟာဗျူဟာမြောက်ပစ်မှတ်ထား ထောက်လှမ်းခြင်းများကို ဦးစားပေးဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ လိုအပ်သည်များကိုလည်းပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် အကြမ်းဖက်စစ် ကောင်စီကို ပိုမိုထိရောက်စွာ ထိုးနှက်တိုက်ခိုက်နိုင်သည့် အဆင့်အတန်းပြည့်ဝသော intel Product များစွာ ကို တည်ဆောက်ကြရမည်ဖြစ်ကြောင်း အမှာစကားပြောကြားခဲ့ပါသည်။ သင်တန်းတက်ရောက်ခဲ့ကြသည့် သင်တန်းသားများကလည်း အကြမ်းဖက်စစ်ကောင်စီ၏ အချက်အလက်များ အသင့်ရှိနေပြီဖြစ်ကြောင်း၊ မဟာဗျူဟာမြောက် intel Product များ ဖြစ်လာစေရန် အဆင့်မြှင့်တင်ကြမည်ဖြစ်ကြောင်းနှင့် စစ်ကောင်စီကို ထိုးနှက်ရန်အချိန်ပြည့် ကြိုးစားအားထုတ်နေမည်ဖြစ်ကြောင်း ပြန်လည်တင်ပြဆွေးနွေးခဲ့ပါသည်။

အထူးစုံစမ်းထောက်လှမ်းရေးဦးစီးဌာနက ကျင်းပသော မဟာဗျူဟာမြောက် ပစ်မှတ်ထောက်လှမ်းရေး သင်တန်းသည် (၅.၁.၂၃) ရက်နေ့မှ (၉.၁.၂၃) ရက်နေ့အထိ ၅ ရက်ကြာ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး၊ အထူးစုံစမ်း ထောက်လှမ်းရေးဦးစီးဌာန၊ တိုင်းနှင့် ပြည်နယ်အဖွဲ့ဝင်များ၊ ခရိုင်အဖွဲ့ဝင်များ၊ မြို့နယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး စုစုပေါင်းသင်တန်းသား ဦးရေ (၁၀၀) ကျော်ရှိပါသည်။

စစ်ကိုင်းမြို့နယ်ရှိ စစ်ကောင်စီနှင့်ပျူများမှ မီးရှို့ဖျက်ဆီးခဲ့သည့် ကျေးရွာသို့သွားရောက်၍ အကူအညီများထောက်ပံ့ပေးအပ်

ဇန်နဝါရီလ ၆ ရက်နေ့ မနက်ပိုင်းက အကြမ်းဖက် စစ်ကောင်စီနှင့်ပျူအဖွဲ့ဝင်များမှ မီးရှို့ဖျက်ဆီးခဲ့သည့် စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ ကျေးရွာတစ်ရွာသို့ စစ်ကိုင်းခရိုင်လူသားစာနာတာဝန်ခံနှင့် စစ်ကိုင်းမြို့နယ် လူသားစာနာတာဝန်ခံတို့မှ ဇန်နဝါရီလ ၈ ရက်နေ့တွင် သွားရောက်၍ စစ်ဘေးရှောင် မီးဘေးသင့် အိမ်ထောင်စု ၉၀ အတွက် ခရိုင်လူသားစာနာမှ ငွေကျပ်(၁၀)သိန်း၊စစ်ကိုင်းမြို့နယ်အခွန်ကောက်ခံ ရရှိမှုမှ ငွေကျပ် (၁၀)သိန်း၊ သီးခြားအလှူရှင်တစ်ဦးမှ ငွေကျပ် (၅)သိန်း၊ စုစုပေါင်း ငွေကျပ်(၂၅)သိန်းအား ရပ်/ကျေး ပကဖ တာဝန်ခံနှင့် ရပ်မိရပ်ဖ တို့ထံ ထောက်ပံ့ပေးအပ်ခဲ့သည်။ထို့အပြင် ကျေးရွာမှကျဆုံး သံဃာတော်တစ်ပါး၊ အမျိုးသမီးတစ်ဦး၊ အမျိုးသားတစ်ဦး၊ PDF ရဲဘော်တစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ်(၁)သိန်းဖြင့် စုစုပေါင်း ငွေကျပ် (၄)သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

အကြမ်းဖက် စစ်ကောင်စီနှင့်ပျူများမှ အထက်ပါကျေးရွာသို့ဝင်ရောက်စီးနင်းရာတွင် သီတဂူဗုဒ္ဓတက္ကသိုလ်မှ BA.Buddha ဘွဲ့ရ၊ သီတဂူနာယက ၁၀ပါးစာရင်းဝင် ဆရာတော်နှင့် CDM ကျောင်းဆရာမတစ်ဦးအား သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။

သီတဂူနာယက ဆရာတော်သည် မန္တလေးမြို့မှ မီးရှို့ခံရသည့်ကျေးရွာသို့ ခေတ္တကြွရောက်သီးတင်းသုံး နေစဉ်အတွင်း စစ်ကောင်စီနှင့် ပျူများ၏ ရက်စက်စွာ သတ်ဖြတ်ခံခဲ့ရခြင်းဖြစ်ပြီး ယင်းလုပ်ရပ်မှာ စစ်ရာဇဝတ်မှု ကျူးလွန်ခဲ့ခြင်းပင် ဖြစ်သည်။

အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် အကြမ်းဖက်စစ်ကောင်စီမှ ကျူးလွန်သော စစ်ရာဇဝတ်မှုများအား အထောက်အထားရယူကာ စနစ်တကျစာရင်းပြုစု၍ မှတ်တမ်းတင်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၁ရက်

နည်းပညာတတ်မြောက်ကျောင်းသားများအား အလုပ်သင်ခန့်အပ်မှုဆိုင်ရာထုတ်ပြန်ကြေညာချက်

စာအမှတ်၊ ၁ / (၂၀၂၂) / (၀၁၇)

ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန

Email: mocit@nugmyanmar.org, Website: www.mocit.nugmyanmar.org

ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်

နည်းပညာတတ်မြောက်ကျောင်းသားများအား အလုပ်သင်ခန့်အပ်မှုဆိုင်ရာထုတ်ပြန်ကြေညာချက်

စာအမှတ်၊ ၁ / (၂၀၂၂) / (၀၁၇)

၁။ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနသည် အမျိုးသားညီညွတ်ရေးအစိုးရ မဟာမိတ်အဖွဲ့အစည်းများနှင့် ပြည်သူများအတွက်လိုအပ်သည့် နည်းပညာစီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂။ တော်လှန်ရေးကာလနှင့်ကိုက်ညီသည့် နည်းပညာစီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖြည့်တင်းနိုင်ရေးသည် အရေးကြီးသည့်ကဏ္ဍတရပ်ဖြစ်သည်။ ထို့အပြင် အနာဂတ် ဖက်ဒရယ်နိုင်ငံတော်တည်ဆောက်ရာတွင် လိုအပ်သည့် နည်းပညာအရင်းအမြစ်များ [illegible] နည်းပညာအခြေပြုတော်လှန်ရေးကာလအတွင်းမှ စတင်၍ အခြေခံအုတ်မြစ် တည်ဆောက်ပေးရန် လိုအပ်သည်။

၃။ အကြမ်းဖက်စစ်တပ်အားဆန့်ကျင်သည့် အာဏာဖီဆန်လှုပ်ရှားမှုတွင် တက်ကြွစွာပါဝင်ခဲ့ကြသည့် နည်းပညာကျောင်းသားကျောင်းသူများသည် တော်လှန်ရေးကာလနှင့် အနာဂတ်ဖက်ဒရယ်နိုင်ငံတော်အတွက် အဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည်။

၄။ ကျောင်းသားကျောင်းသူများအနေဖြင့် တတ်မြောက်ထားသည့် နည်းပညာစွမ်းရည်များဖြင့် ပညာရှင်အဖြစ်ရပ်တည်၍ အနာဂတ်ဖက်ဒရယ်နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် အကျိုးပြုနိုင်ရန်ရည်ရွယ်၍ အာဏာဖီဆန် လှုပ်ရှားမှုတွင်ပါဝင်ခဲ့ကြသည့် နည်းပညာတတ်မြောက်ကျောင်းသားများအား ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် အစိုးရနည်းပညာစီမံကိန်းများတွင် အလုပ်သင်ဝန်ထမ်းအဖြစ် စီစစ်ခန့်အပ်သွားမည်ဖြစ်သည်။

ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန

Email: mocit@nugmyanmar.org, Website: www.mocit.nugmyanmar.org

၅။ အလုပ်သင်ကျောင်းသားများ စီစစ်ခန့်အပ်ရေးအတွက် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် Quokka Studio နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

၆။ အလုပ်သင်ကျောင်းသားများ စီစစ်ခန့်အပ်ရာတွင် လုံခြုံရေး၊ အချက်အလက်စီစစ်ရေးနှင့် အရည်အချင်းဆန်းစစ်ခြင်းလုပ်ငန်းဆိုင်ရာများအား ဦးဆောင်လုပ်ငန်းစဉ်အဖြစ် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနနှင့် Quokka Studio တို့မှ စနစ်တကျတာဝန်ယူဆောင်ရွက်မည်ဖြစ်ပါသည်။

ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန

ကြေညာချက်

ပြည်သူမှ ပြည်သူသို့ ကူညီမှုဖြင့် ကျောင်းသူ/သားများအတွက် ကျောင်းသုံးပစ္စည်းများဖြန့်ဝေ

စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်ရှိ အမျိုးသားညီညွတ်အစိုးရမှ ဖွင့်လှစ်ထားသော စာသင်ကျောင်း (၁၅) ကျောင်းအတွက် ပြည်သူမှပြည်သူသို့ ကူညီပေးမှုအရ ငွေကျပ်သိန်း(၁၀၀)ကျော် တန်ဖိုးရှိ ကျောင်းသုံးပစ္စည်းအစုံကို စာသင်ကျောင်းများသို့ ဖြန့်ဝေပေးရာတွင် ခရိုင်ပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့ တာဝန်ခံများမှ သွားရောက်၍ ကူညီအားဖြည့်ဆောင်ရွက်ခဲ့ပါသည်။

❁ မြွေကိုက်မခံရအောင် သင် ဒါတွေလုပ်ပါ (Jan 2023) ❁



(၁) လုပ်ငန်းခွင်သို့ (သို့မဟုတ်) တောအတွင်း သွားလာရာ၌ တုတ်နှင့်ခြောက်လှန့်ခြင်း၊ ခြေသံပေးခြင်းများ ပြုလုပ်ရန် (အထူးသဖြင့် နံနက်စောစောနှင့် ညနေ နေဝင်ရီတရော အချိန်များ)

(၂) ကောက်ရိတ်ခြင်းနှင့် ကောက်လှိုင်း၊ ချုံနွယ်၊ သစ်ပုံ၊ ဝါးပုံ စသည်တို့ကို ကိုင်တွယ်ရွှေ့ပြောင်းလျှင် ဦးစွာ ရိုက်ပုတ်အသံပေး၊ စစ်ဆေးပြီးမှ ကိုင်တွယ်ခြင်း ပြုလုပ်ရန် (မှတ်ချက်- မြွေသည် နားမရှိသော်လည်း ကျယ်သော အသံ၊ လှုသံ၊ ခြေနင်းသံများကြောင့် ဖြစ်ပေါ်လာသော တုန်ခါနှုန်းများကို ခံစားရ၍ ကြောက်တတ်သည်)

(၃) သွားလာရာတွင် လည်ရှည်ဖိနပ်ကို စီးနင်းအသုံးပြုရန်၊

(၄) ညအချိန်တွင် သွားလာရာ၌ လွယ်ကူစွာမြင်နိုင်ရန် ဓာတ်မီး (မီးတုတ်) သို့မဟုတ် မီးအိမ်ကို အသုံးပြုရန်၊

(၅) တွင်းများနှင့် သစ်ခေါင်း စသည်တို့ကို လက်နှင့် ရမ်းနှိုက်ခြင်း မပြုလုပ်ရန်၊

(၆) နေအိမ်နှင့် ခြံဝင်းအတွင်း မြွေများ မခိုအောင်းနိုင်စေရန်အတွက် ချုံပုတ်နှင့် အမှိုက်သရိုက်များကို ရှင်းလင်းထားရန်၊ ထင်းချောင်းပုံထဲတွင် မြွေများ ခိုအောင်းနေတတ်သဖြင့် ထင်းချောင်းများကို အိမ်နှင့် ဝေးရာ၌ ထားရှိပါ၊

(၇) နေအိမ်အတွင်းသို့ မြွေများ မဝင်လာနိုင်စေရန် အိမ်နံရံတွင် မြွေဝင်နိုင်သော အပေါက်များရှိပါက ပိတ်ပါ၊

(၈) မြွေများ အိမ်ပေါ်တက်တတ်၍ အိပ်ရာဝင်ချိန်တွင် အိပ်ရာကို ဂရုပြုစစ်ဆေးရန်၊ အိပ်ရာခုတင်ကို မြေပြင်/ကြမ်းပြင်အထက် မြှင့်ထားရန်၊ ခြင်ထောင် ထောင်အိပ်ရန်၊ ခြင်ထောင်ကြီးကြီး၏ အလယ်တွင် အိပ်ရန်။

(၉) အိမ်မွေးတိရစ္ဆာန်များဖြစ်သော ခွေး၊ ကြောင်၊ ငန်း စသည်တို့၏ အော်သံနှင့် အမူအရာကို ကြည့်ခြင်းအားဖြင့် မြွေရှိနေခြင်းကို သိနိုင်၍ ၎င်းသတ္တဝါများကို မွေး၍ မြွေဆိုးအန္တရာယ်မှ ကာကွယ်ရန်၊

(၁၀) အဆိပ်မရှိသော မြွေများကို ဘေးမဲ့ပေးရန်၊ မြွေ၏သဘာဝရန်သူများဖြစ်သော သိန်းငှက်၊ ဇီးကွက်၊ မြွေပါ ဒေါင်းငှက်များကို ဘေးမဲ့ပေးရန်၊

(၁၁) မြွေ၏ အစာဖြစ်သော ကြွက်၊ ကြက်၊ ခို စသည်တို့အား အိမ်အနီးဝန်းကျင်တွင် မထားရှိရန်၊ နေအိမ်ထဲတွင် ဟင်းစား တိရစ္ဆာန်များကို မွေးမြူခြင်း မပြုရန်၊

စာ-၆တွင်ဆက်လက်ဖတ်ရှုရန်

(၁၂) မြွေများသည် နေအိမ်အတွင်းသို့ အစာလာရှာတတ်သည့်အတွက် အစားအစာများနှင့် ရေများကို အဖုံးပိတ်ထားသော အိုးခွက်ဖြင့် ထားရန်၊ အိမ်အတွင်းရှိ အိုးခွက်များအတွင်း မြွေများ မခိုအောင်းနိုင်ရန် ဖုံးအုပ်ထားခြင်း၊ မှောက်ထားခြင်းများ ပြုလုပ်ရန်၊

(၁၃) မြွေနှင့် ရင်ဆိုင်တွေ့ပါက ဒေါသထွက်အောင် ရန်ပြုခြင်းမှ ရှောင်ကြဉ်ရန်၊

(၁၄) မြွေအသေကို ကိုင်တွယ်ရာတွင်လည်း သတိထားရှိရန် (အစွယ်များနှင့် မတော်တဆ ထိမိရာမှလည်း အဆိပ်ဝင်နိုင်ပါသည်)

(၁၅) မြွေအသေနှင့် အခြားသူများကို စနောက်ခြင်းမှ ရှောင်ကြဉ်ရန် (မြွေမှာ မသေသေးဘဲ အန္တရာယ်ဖြစ်နိုင်ပါသည်)

➲ အယူအဆ အမှားများ ➲

(က) မြွေကိုက်ဒဏ်ရာကို ဓားနှင့် ခွဲခြင်း၊

(ခ) မြွေကိုက်ဒဏ်ရာကို မီးစဖြင့် ထိုးခြင်း၊

(ဂ) မြွေကိုက်ဒဏ်ရာကို စုတ်ဖြင့် ထိုးခြင်း (မြွေကိုက်ဒဏ်ရာ တစ်ဝိုက်ကို သွေးအသွားအလာ ပိုမိုများစေပြီး အဆိပ်ကို ပိုမိုလျင်မြန်စွာ ပျံ့နှံ့စေပါသည်)

(ဃ) မြွေကိုက်ခံရသူအား အရက်တိုက်ခြင်း (အရက်သည် သွေးကြောကို ကျယ်စေသောကြောင့် အဆိပ်ကို ပိုမိုပျံ့နှံ့စေပါသည်)

➲ မှန်ကန်ထိရောက်သော ကုသမှု ခံယူရရှိရန် နှောင့်နှေးစေသော အယူအဆများ

(က) မန်းမှုတ်ခြင်း၊

(ခ) မြွေမြီးကို ဖြတ်၍ မျိုခြင်း (မြွေဆိပ်မတက်စေရန် တားမြစ်နိုင်သည်ဟု ယူဆခြင်း)

➲ အခြားအယူအဆ အမှားများ

(က) ကိုယ်ဝန်ဆောင်ကို မြွေကိုက်လျှင် မြွေဆိပ်မတက်ဘဲ ကလေးမွေးပြီးမှ မြွေဆိပ်တက်လာသည်ဟု ယူဆခြင်း၊

(ခ) မြွေဆိပ်ပြီးစေသည့် ဆေးမင်ကြောင်များ ထိုးထားခြင်းဖြင့် မြွေကိုက်ပါက အဆိပ်ပြီးသည်ဟု ယူဆခြင်း၊

(ဂ) ပထမအကြိမ် မြွေကိုက်ခံရစဉ်က အဆိပ်မတက်သူသည် နောက်ထပ် မြွေအကိုက်ခံရပါကလည်း မြွေအဆိပ်မတက်နိုင်ဟု ယူဆခြင်း၊

(ဃ) လယ်ယာလုပ်ငန်းလုပ်ကိုင်စဉ် လည်ရှည်ဖိနပ်ကိုစီးလျှင် ကွင်းပိုင် မကြိုက်သဖြင့် ဒုက္ခရောက်နိုင်သည်ဟု ယူဆခြင်း၊

(င) မြွေကိုက်ခံရပြီး ဆီးမထွက်သူအား ရေများများသောက်ခိုင်းခြင်း၊ အုန်းရည်တိုက်ခြင်း (ဆီးအထွက်များမှသာ အုန်းရည်တိုက်ခြင်း၊ ရေများများ သောက်ခြင်းတို့ ပြုလုပ်ရပါမည်။ အုန်းရည်တွင် ပိုတက်စီယမ်ဓာတ်များသဖြင့် နှလုံးရုတ်တရက် ရပ်နိုင်ပါသည်)

(စ) မြွေကိုက်ဒဏ်ရာကို ပါးစပ်နှင့် စုပ်ခြင်းဖြင့် မြွေဆိပ်များကို ပြန်လည် စုပ်ထုတ်ယူနိုင်သည်ဟု ယူဆခြင်း (မြွေ၏ အစွယ်မှ အဆိပ်များသည် ခန္ဓာကိုယ်ထဲသို့ ဆေးထိုးပြွန်ဖြင့် ထိုးသွင်းသကဲ့သို့ ဝင်ရောက်သွားပြီးဖြစ်သဖြင့် ပါးစပ်ဖြင့် အဆိပ်ကို စုပ်ယူရန် ကြိုးစားခြင်းသည် ထိရောက်မှုမရှိပါ)

(ဆ) မြွေကိုက်ခံရသူအား ငရုတ်သီးကျွေးပြီး စပ်ပါက မြွေဆိပ် မတက်ဟု ယူဆခြင်း။

ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ

အကြမ်းဖက် စစ်ကောင်စီတပ်တွေဟာ ဇန်နဝါရီ ၆ ရက်နေ့က ဆားလင်းကြီးမြို့နယ်ထဲက ဘင်ဂါးရွာ၊ ဖောင်းကထာရွာနဲ့ ကျောက်ဖြူတိုင်ရွာတွေကို စစ်ကြောင်းထိုး ဝင်ရောက်ပြီး နေအိမ်တွေကို မီးရှို့ခဲ့သလို၊ ဇန်နဝါရီလ ၈ ရက်နေ့မှာ မိုးကြိုးပြင် (မြောက်)ရွာ နဲ့ ကိုင်းရွာတို့ကို မီးရှို့ခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။ ဒီလုပ်ရပ်ကြောင့် မီးရှို့ခံရတဲ့ကျေးရွာတွေ အပါအဝင် အနီးပတ်ဝန်းကျင်ကျေးရွာ ၁၀ ရွာလောက်က ဒေသခံတွေ အခုဆို ထွက်ပြေးတိမ်းရှောင်နေကြရကြောင်း သိရသည်။

ဇန်နဝါရီလ ၈ ရက်မနေ့ကမနက် ၉ နာရီခန့်မှာ ကား ၁ စီးနဲ့ လာတဲ့လူငယ်တွေကို စစ်ကောင်စီ စစ်ဆေးရေးအဖွဲ့က ဖမ်းဆီးသွားတာလို့ ဒေသခံတဦးက ပြောပါတယ်။ ဖမ်းဆီးခံလိုက်ရသူတွေဟာ အသက် ၁၅ နှစ်မှ အသက် ၂၀ အရွယ်အကြားရှိ အမျိုးသား ၈ ဦးနဲ့ အမျိုးသမီး ၁ ဦး ဖြစ်တယ်လို့ ဆိုပါတယ်။

အဆိုပါလူငယ်တွေကို စစ်ကောင်စီဘက် က ဖမ်းဆီးပြီး စစ်ကြောရေးကို ခေါ်ဆောင်သွားကာ ထိုးနှက်ရိုက်တာတွေလုပ်တဲ့အတွက် ဒဏ်ရာတွေရရှိထားတယ်လို့ သိရပါတယ်။

အကျဉ်းသားတစ်ဦး သေဆုံးပြီး လူ ၇၀ ခန့်ဒဏ်ရာရခဲ့တဲ့ ပုသိမ်ထောင်ဖြစ်စဉ်နဲ့ ဆက်စပ်ပြီး ဇန်နဝါရီလ ၇ ရက်နေ့ ညက ကိုးသိန်း ရဲစခန်းအနီး အမှတ် ၃ ရပ်ကွက်မှာ နေထိုင်တဲ့ မစန္ဒာအေး ဆိုသူ ပုသိမ် ထောင်မှာ အကျဉ်းကျနေတဲ့ နိုင်ငံရေး အကျဉ်းသား ကိုဝင်းထွန်းနိုင်ရဲ့ ဇနီး အား ဖမ်းဆီးခဲ့ကြောင်း သိရပါတယ်။

ပုသိမ်အကျဉ်းထောင်ဖြစ်စဉ်ဟာ အကျဉ်းသား တစ်ဦးဆီမှာ ကီးပက်ဖုန်းတစ်လုံးတွေ့ရှိမှုကို လိုအပ်သလို အရေးယူဖို့ လုပ်နေစဉ် ရုန်းရင်းဆန်ခတ် ဖြစ်အောင် အကျဉ်းသားတွေဘက်က ကြိုးပမ်းခဲ့တာကနေ စတင် ဖြစ်ပွားခဲ့တာလို့ စစ်ကောင်စီဘက်က ထုတ်ပြန်ခဲ့ပါတယ်။

ရှမ်းပြည်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ် အင်းလေးဒေသ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင်ရှစ်ဦး ဖမ်းဆီးခံလိုက်ရတယ်လို့ ဒေသခံတွေက ပြောပါတယ်။ PDF တပ်ဖွဲ့ဝင်တွေဟာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နဲ့ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်အကြာမှာ ဖမ်းဆီးခံလိုက်ရတာပါ။

စစ်ကောင်စီကလည်း PDF ရှစ်ဦးဖမ်းဆီးရမိတယ်လို့ ဇန်နဝါရီလ ၇ ရက် နေ့က သတင်းထုတ်ပြန်ခဲ့ပါတယ်။ ဖမ်းဆီးခံရသူ တွေဟာ ဦးဇဝန၊ ကိုသားငယ်၊ ဦးဇော်ဇော်အောင်၊ ဦးအိုက်ရွှန်၊ ဒေါ်တင်တင်ညို၊ ကိုမင်းမင်းဦး၊ ကိုဇော်မျိုးအောင်နဲ့ ကိုဖွဲ့ညီထွန်း တို့ဖြစ်တယ်လို့ စစ်ကောင်စီထုတ်ပြန်ချက်မှာ ဖော်ပြပါတယ်။

မကွေးတိုင်း ပေါက်မြို့နယ် ပြည်တော်သာရွာကို စစ်ကောင်စီတပ်တွေ ဇန်နဝါရီ ၈ ရက်မှာ မီးရှို့ခဲ့တာကြောင့် ရွာလုံးကျွတ်ပြာကျသွားတယ်လို့ ဒေသခံတွေက ပြောပါတယ်။

စစ်ကောင်စီတပ်တွေ ဇန်နဝါရီ ၇ ရက် ညက ရွာထဲကို ဝင်ရောက်စီးနင်းခဲ့ပြီး ဒီမနက်မှာ မီးရှို့ကာ ပြန်ထွက်သွားတာလို့ ပြောပါတယ်။ အိမ်ခြေ ၅၃ လုံးရှိတဲ့ ပြည်တော်သာရွာမှာ နေအိမ် ခြောက်လုံးသာ မီးမလောင်ဘဲ ကျန်ခဲ့တယ်လို့ ဒေသခံတစ်ဦးက ပြောပါတယ်။

- ❖ တနင်္သာရီတိုင်း၊ ထားဝယ်မြို့နယ်၊ ဝကုန်းရွာကို ဇန်နဝါရီလ ၈ ရက်မနေ့က စစ်ကောင်စီတပ်သားတွေ ဝင်ရောက်မီးရှို့ခဲ့လို့ နေအိမ် ၁၅ လုံး မီးလောင်ပျက်စီးခဲ့ပြီး အရပ်သား ၄၀၀ ဝန်းကျင် အိုးအိမ်စွန့်ခွာထွက်ပြေး နေရတယ်လို့ ဒေသခံတွေက ပြောပါတယ်။
- ❖ မင်းတပ်မြို့ နယ်အတွင်းရှိ မင်းတပ် - မတူပီကားလမ်းပိုင်းတစ်နေရာကို ဇန်နဝါရီလ ၈ ရက်နေ့လယ်က ဂျက်လေယာဉ်တစ်စီးဖြင့် နှစ်ကြိမ်ဗုံးကြဲခဲ့ပြီးထီးလင်းဘက်ခြမ်းက တက်လာသည့်မြေပြင်စစ်ကြောင်း တစ်ကြောင်း ကလည်း ညနေပိုင်းတွင် တိုက်နယ်အမှတ် (၁) ပိန်ရိန်းရွာရှိနေအိမ်တစ်ချို့ကို မီးရှို့နေခဲ့သည်ဟု ဒေသခံများက မဇ္ဈိမကိုဆက်သွယ်ပြောကြားသည်။ ချင်းပြည်နယ် မင်းတပ်မြို့အတွင်းဖုန်းလိုင်းများဖြတ်တောက်ထားမှုကြောင့် ပျက်စီးဆုံးရှုံးထိခိုက်မှုများ အသေးစိတ်သတင်းရရန်အခက်အခဲရှိနေသည်။
- ❖ စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့ပေါ်မှာ ဆိုင်ကယ်စီးလာတဲ့ ဒေသခံ ၃ ဦးကို စစ်ကောင်စီတပ်သားတွေက ဇန်နဝါရီလ ၈ ရက် မနေ့ညနေ ၄ နာရီဝန်းကျင်မှာ ပစ်ခတ်ဖမ်းဆီးခဲ့တာကြောင့် ၁ ဦးကျည်ထိမှန် ဖမ်းဆီးခံရပြီး စစ်ကြောရေး ခံနေရတယ်လို့ သိရပါတယ်။ ပစ်ခတ်ခံရသူတွေမှာ အသက် ၂၀ ကနေ ၃၀ နှစ်ဝန်းကျင်ရှိပြီး သူတို့ကို အောင်မင်္ဂလာ ရပ်ကွက်၊ ကြာကန်ဘုန်းတော်ကြီးကျောင်းအနီးမှာ ကင်းပုန်းဝပ်နေတဲ့ စစ်ကောင်စီ တပ်သား တွေက ပစ်ခတ်ဖမ်းဆီး ချိန် ၁ ဦးမှာ အဖမ်းခံလိုက်ရတာလို့ ခင်ဦးမြို့ပြပြောက်ကျား မဟာမိတ်တပ်ပေါင်းစု တာဝန်ခံ ကိုနောင်က ပြောပါတယ်။ ကျည်ထိမှန်ပြီး ဖမ်းဆီးခံလိုက်ရသူကို စစ်ကောင်စီတပ်သားတွေက ခင်ဦးမြို့မရဲစခန်းထဲကို ခေါ်ဆောင်သွားခဲ့ကာ စစ်ကြောရေးလုပ်နေတယ်လို့ သတင်းရရှိထားကြောင်း ခင်ဦးမြို့နယ် သတင်းမှန်ပြန်ကြား ရေးမှ တာဝန်ရှိသူတဦးက ဆက်ပြောပါတယ်။